ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာ

အမှတ်၊ ၆၆ /၂၀၁၇

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (ခ)၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) နှင့် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) တို့တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေတို့ပါ **ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လုံလောက်သော အကြောင်းမရှိဘဲ ပျက်ကွက်ခြင်းအတွက် တရားစွဲဆိုခြင်း**ဆိုင်ရာကိစ္စရပ်များကိုဆောင်ရွက်ရာတွင် တစ်ပြေးညီဖြစ်စေရန် ဤတရားစွဲဆိုခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာကို ထုတ်ပြန်သတ်မှတ်လိုက်သည်။

## အခန်း(၁)

## တရားစွဲနိုင်သော အခွန်ဥပဒေပါ ကိစ္စရပ်များ

၂။ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နှင့် အထူးကုန်စည်ခွန်ဥပဒေတို့အရ အခွန်အယူခံခုံအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေ**အခွန်ဦးစီးဌာနမှူး**၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများ**ဆိုင်**ရာအခွန်ရုံးဌာနမှူး သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးတို့က တရားစွဲဆိုနိုင်သည့် ကိစ္စရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝင်ငွေခွန်ဥပဒေပြဋ္ဌာန်းချက်များအရ -

(၁) ဝင်ငွေခွန်မပေးကျန်ငွေ၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၄ အရ ကုန်သွယ်လုပ်ငန်းခွန်မပေးကျန်ငွေအား ဝင်ငွေခွန်မပေးကျန်ငွေ ဖြစ်ဘိသကဲ့သို့၊ အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ)အရ အထူးကုန်စည်ခွန်မပေးကျန်ငွေအား ဝင်ငွေခွန်မပေးကျန်ငွေ ဖြစ်ဘိသကဲ့သို့ တို့အတွက် တရားမကျင့်ထုံးဥပဒေနှင့်အညီ အရကောက်ခံမှု ဆောင်ရွက်ရာတွင် ပျက်ကွက်သူအနေဖြင့် ထွက်ပြေးတိမ်းရှောင်ရန်၊ တိမ်းရှောင်လိုစိတ်ဖြင့် ပိုင်ဆိုင်သည့်ပစ္စည်းတစ်ရပ်ရပ်ကိုလွှဲပြောင်းရန်၊ ဖုံးကွယ်ထားရန်၊ ဖယ်ရှားထားရန် ရည်ရွယ်ချက်ရှိ

ကြောင်း သို့မဟုတ် ပေးနိုင်စွမ်းရှိပါလျက် ပေးဆောင်ရန်ငြင်းဆိုခြင်း၊ မျက်ကွယ်ပြုခြင်းများရှိကြောင်း ယုံကြည်ရန် အကြောင်းရှိခြင်း ကိစ္စရပ်များ အတွက် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၇ အရ အရေးယူဆောင်ရွက်ခြင်း။

(၂) ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၂ အရ သတင်းအချက်အလက်များ တောင်းဆိုခြင်းအပေါ် လုံလောက်သော အကြောင်းမရှိဘဲ ပျက်ကွက်သဖြင့် ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ) အရ စွဲဆိုခြင်း။

(၃) ဝင်ငွေကိုထိမ်ချန်ခြင်း သို့မဟုတ် ဝင်ငွေနှင့်စပ်လျဉ်းသည့် အချက်အလက်များ ထိမ်ချန်ခြင်းကြောင့် အပြည့်အစုံထုတ်ဖော်ရန် သတ်မှတ်ပေးသည့်အချိန် အတွင်း ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ထိမ်ချန်သည့်ဝင်ငွေထက် လျော့နည်းထုတ်ဖော်ခြင်းတို့ကြောင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၇၊ ပုဒ်မခွဲ (ဂ) အရ စွဲဆိုခြင်း။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပြဋ္ဌာန်းချက်များအရ-

(၁) အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ခြင်း သို့မဟုတ် အခွန်လျော့နည်းစေရန် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတို့နှင့် စပ်လျဉ်းသည့် အချက် အလက်များ ထိမ်ချန်ခြင်းကို အပြည့်အစုံထုတ်ဖော်ရန် သတ်မှတ်ပေးသည့် အချိန်အတွင်း ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် တိမ်းရှောင်ထိမ်ချန် သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက် လျော့နည်းထုတ်ဖော် ခြင်း တို့ကြောင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) အရ စွဲဆို ခြင်း။

(၂) လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေများနှင့်စပ်လျဉ်းသည့် မမှန်မကန်သော ကြေညာလွှာ ပေးပို့ခြင်း သို့မဟုတ် မမှန်မကန်သောစာရင်းစာအုပ်၊ စာရင်းရှင်းတမ်းများ တင်ပြခြင်းတို့ကြောင့် ကုန်သွယ် လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) အရ စွဲဆိုခြင်း။

(၃) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လုံလောက်သော အကြောင်းမရှိဘဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သဖြင့် ကုန်သွယ်လုပ် ငန်းခွန် ဥပဒေပုဒ်မ၂၃၊ ပုဒ်မခွဲ (င) အရ စွဲဆိုခြင်း။

(ဂ) အထူးကုန်စည်ခွန်ပြဋ္ဌာန်းချက်များအရ-

(၁) အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ခြင်း သို့မဟုတ် အခွန်လျော့နည်းစေရန် အထူးကုန်စည်နှင့် သက်ဆိုင်သည့် အချက်အလက်များကို ထိမ်ချန်ခြင်းတို့ကြောင့် အပြည့်အစုံထုတ်ဖော်ရန် သတ်မှတ်ပေးသည့် အချိန်အတွင်း ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် တိမ်းရှောင်ထိမ်ချန်သည့် အထူးကုန်စည် ထုတ်လုပ်မှုပမာဏနှင့် သက်ဆိုင်သော အချက်အလက်များကို လျော့နည်းထုတ်ဖော်ခြင်းတို့ကြောင့် အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၂၄ အရ စွဲဆိုခြင်း။

(၂) လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် အထူးကုန်စည်ထုတ်လုပ်မှု ပမာဏ နှင့် သက်ဆိုင်သည့် မမှန်ကန်သော ကြေညာလွှာပေးပို့ခြင်း သို့မဟုတ် မမှန်သော အထောက်အထားများ တင်ပြခြင်းတို့ကြောင့် အထူးကုန်စည်ခွန်ဥပဒေ .ပုဒ်မ၂၅၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) အရ စွဲဆိုခြင်း။

(၃) အထူးကုန်စည်ခွန်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လုံလောက်သော အကြောင်း မရှိဘဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ဥပဒေနှင့် အညီ ဆောင်ရွက်သည့်ကိစ္စကို ဆောင်ရွက်ခြင်းမပြုနိုင်ရန် ဟန့်တားခြင်းတို့ကြောင့် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ၂၆၊ ပုဒ်မခွဲ (ခ) အရ စွဲဆိုခြင်း။

(၄) အထူးကုန်စည်ခွန် ဥပဒေပါကိစ္စရပ်များနှင့် သက်ဆိုင်သည့် လိုအပ်သော သတင်းအချက်အလက်ရှိသူတိုင်းကို ယင်းသတင်းအချက်များ ပေးပို့စေရန် တောင်းဆိုခြင်းခံရသူသည် လုံလောက်သောအကြောင်းမရှိဘဲ သတင်းအချက် အလက်တင်ပြရန် ပျက်ကွက်သဖြင့် အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မ၂၈ အရ စွဲဆိုခြင်း။

## အခန်း(၂)

## ရဲအရေးပိုင်သောအမှုနှင့် ရဲအရေးမပိုင်သော အမှုခွဲခြားဆောင်ရွက်ခြင်း

၃။ အခွန်ဆိုင်ရာ တရားစွဲဆိုခြင်းကို အခွန်ဆိုင်ရာ စာရင်းစစ်လုပ်ငန်းများ၊ အခွန်ကောက်ခံမှု လုပ်ငန်းများ သို့မဟုတ် အခွန်ကောက်ခံရရှိရေး တွန်းအားပေးလုပ်ငန်းများတွင် စိစစ်တွေ့ရှိရသည့် ရလဒ်များအပေါ် အခြေပြု၍ စတင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ ရဲအရေးပိုင်သော အမှုကိစ္စနှင့် ရဲအရေးမပိုင်သည့် အမှုကိစ္စဟု ခွဲခြားဆောင်ရွက်ရမည် ဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်အရ ပြစ်မှုအတွက် ချမှတ်နိုင်သည့် ပြစ်ဒဏ်သည် ထောင်ဒဏ်သုံးနှစ်နှင့်အထက်ဖြစ်ပါက ရဲအရေးပိုင်သောအမှု ဖြစ်ပြီး သက်ဆိုင်ရာရဲစခန်းတွင် မြို့နယ်အခွန်ဦးစီးဌာနမှူးက တရားလိုပြုလုပ်၍ ပထမသတင်းပေး

တိုင်ကြားချက် ရေးဖွင့်ရမည်။ ကျန်အမှုကိစ္စများ တရားစွဲဆိုခြင်းအတွက် မြို့နယ်အခွန်ဦးစီးဌာနမှူး က မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုရမည် ဖြစ်ပါသည်။

## အခန်း(၃)

## ရဲအရေးပိုင်သည့် ပြစ်မှုအမျိုးအစားများ နှင့် တရားစွဲဆိုရာတွင် ဆောင်ရွက်ရမည့်နည်းလမ်းများ

၄။ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ရဲအရေးပိုင်သည့် ပြစ်မှုအမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၂ ပါလုပ်ပိုင်ခွင့်နှင့်အညီ တင်ပြရန်တောင်းခံထားသည့် သတင်းအချက်အလက်များကို ထပ်မံတိုးမြှင့်ပေးသည့် အချိန်အတွင်း တင်ပြရန် လုံလောက်သော အကြောင်းမရှိဘဲ ဆက်လက်ပျက်ကွက်ခြင်းအတွက် ဝင်ငွေခွန် ဥပဒေပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ) အရ တရားစွဲဆိုရန်ကိစ္စ။

(ခ) အခွန်ထမ်းတစ်ဦးသည် ဝင်ငွေကို ထိမ်ချန်ခြင်း သို့မဟုတ် ဝင်ငွေနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ထိမ်ချန်ခြင်းကြောင့် အပြည့်အစုံထုတ်ဖော်ရန် သတ်မှတ်ပေး သည့် အချိန်အတွင်း ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ထိမ်ချန်သည့် ဝင်ငွေထက် လျော့နည်းဖော်ထုတ်ခြင်းအတွက် ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၇၊ ပုဒ်မခွဲ (ဂ) အရ တရားစွဲဆိုရန်ကိစ္စ။

(ဂ) လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေများနှင့် စပ်လျဉ်းသည့် မမှန်မကန်သော ကြေညာလွှာ သို့မဟုတ် မမှန်မကန်သော စာရင်း စာအုပ်၊ စာရင်းရှင်းတမ်းများ တင်သွင်းခြင်း၊ တင်ပြခြင်းအတွက် ကုန်သွယ်လုပ်ငန်း ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) အရ တရားစွဲဆိုရန်ကိစ္စ။

(ဃ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် လုံ လောက်သောအကြောင်းမရှိဘဲ ပျက်ကွက်ခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (င) အရ တရားစွဲဆိုရန်ကိစ္စ။

(င) အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ခြင်း သို့မဟုတ် အထူးကုန်စည်ခွန် လျော့နည်း စေရန် အထူးကုန်စည်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ထိမ်ချန်ခြင်းကြောင့် အပြည့်အစုံ ထုတ်ဖော်ရန် သတ်မှတ်ပေးသည့် အချိန်အတွင်း ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ထိမ်ချန်သည့် အထူးကုန်စည်နှင့်စပ်လျဉ်းသည့် အချက် အလက်များကို လျော့နည်း ထုတ်ဖော်ခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဂ) နှင့် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၄ အရ တရားစွဲဆိုရန်ကိစ္စ။

(စ) လိမ်လည်လှည့်ဖျားလိုသော ရည်ရွယ်ချက်ဖြင့် အထူးကုန်စည်နှင့်စပ်လျဉ်းသည့် မမှန်မကန်သော ကြေညာလွှာ သို့မဟုတ် မမှန်မကန်သော အထောက်အထားများ တင်သွင်းခြင်း၊ တင်ပြခြင်းအတွက် အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) အရ တရား စွဲဆိုရန်ကိစ္စ။

(ဆ) အထူးကုန်စည်ခွန်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အပ်နှင်းထားသည့် လုပ်ပိုင်ခွင့် တစ်ရပ်ကို မရိုးမဖြောင့်သော သဘောဖြင့် ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်ဖြစ်စေ အလွဲသုံးစားပြုလုပ်ခြင်း၊ လိုက်နာဆောင်ရွက်ရန် လုံလောက်သော အကြောင်းမရှိဘဲ ပျက်ကွက်ခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) အရ တရားစွဲဆိုရန်ကိစ္စ။

(ဇ) အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၃၀ ပါ လုပ်ပိုင်ခွင့်နှင့်အညီ တင်ပြရန် တောင်းခံထားသည့် သတင်းအချက်အလက်များကို ထပ်မံတိုးမြှင့်ပေးသည့် အချိန်အတွင်း တင်ပြရန် လုံလောက်သောအကြောင်းမရှိဘဲ ဆက်လက်ပျက်ကွက်ခြင်းအတွက် အထူးကုန်စည်ခွန် ဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မ ၂၈ အရ တရားစွဲဆိုရန် ကိစ္စ။

၅။ အထက်ဖော်ပြပါ ရဲအရေးပိုင်သည့် ကိစ္စရပ်များအတွက် တရားစွဲဆိုခြင်းကို အခွန်ဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် စာရင်းစစ်ဆေးခြင်း၊ စည်းကြပ်ခြင်းတို့ကို သိရှိနားလည် ကျွမ်းကျင်သူများ ဖြစ်သည့် **မြို့နယ်အခွန်ဦးစီးဌာနမှူး**က အောက်ပါ အထောက်အထားများ ပူးတွဲလျက် ပျက်ကွက်သူအား တရားစွဲဆိုပေးပါရန် မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့သို့ အကြောင်းကြားရမည်-

(က) အခွန်ထိမ်ချန်သည့်ကိစ္စဖြစ်ပါက အခွန်ထမ်း၏ ထိမ်ချန်မှုအခြေအနေ၊ ထုတ်ဖော်ရန် ပေးအပ်သည့် အချိန်၊ သတ်မှတ်ချိန်အတွင်း အပြည့်အစုံ ထုတ်ဖော်ရန် ပျက်ကွက်မှုတို့ အတွက် အထောက်အထားအပြည့်အစုံ။

(ခ) တည်ဆဲအခွန်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အရေးကိစ္စဖြစ်ပါက အခွန်ထမ်းအား အသိပေးရှင်းလင်းထားရှိမှု၊ အကြောင်းကြားအသိပေးထားရှိမှု အစရှိသည့် ကြိုတင်အသိပေး ရှင်းလင်းပြီးဖြစ်ကြောင်း အထောက်အထားအပြည့်အစုံ။

## အခန်း(၄)

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးထံကြိုတင်ခွင့်ပြုချက် တောင်းခံရမည့် ကိစ္စရပ်များနှင့် တရားစွဲဆိုရာတွင် ဆောင်ရွက်ရမည့် နည်းလမ်းများ

၆။ အခွန်ထမ်းတစ်ဦးသည် ဝင်ငွေကိုထိမ်ချန်ခြင်း သို့မဟုတ် ဝင်ငွေနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ထိမ်ချန်ခြင်းကြောင့် အပြည့်အစုံထုတ်ဖော်ရန် သတ်မှတ်ပေးသည့် အချိန်အတွင်း

ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ထိမ်ချန်သည့် ဝင်ငွေထက်လျော့နည်း ထုတ်ဖော်ခြင်းအတွက် **ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၇ ပုဒ်မခွဲ (ဂ) အရ တရားစွဲဆိုခြင်း**နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) စာရင်းစစ်ဆေးခြင်း အစီအစဉ်အရ ဖြစ်စေ၊ ရရှိထားသည့် သတင်းအချက် အလက်များအရ ဖြစ်စေ ဝင်ငွေထိမ်ချန်ထားကြောင်း၊ ဝင်ငွေနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ထိမ်ချန်ထားကြောင်း တွေ့ရှိထားသဖြင့် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ၁၅ ရက် အတွင်း အပြည့်အစုံထုတ်ဖော်စေရန် အကြောင်းကြားစာပေးပို့ရမည်။

(ခ) အပိုဒ်ခွဲ (က) အရ အကြောင်းကြားစာ ချအပ်အတည်ပြုပြီးသော်လည်း အခွန်ထမ်းက ထုတ်ဖော်ရန် ပျက်ကွက်လျှင် သို့မဟုတ် အပြည့်အစုံ ထုတ်ဖော်ခြင်း မပြုလျှင် အကြောင်းကြားစာတွင် ဖော်ပြထားသည့်ရက်မှစ၍ နောက်ထပ် (၁၅) ရက်အထိ အချိန် တိုးမြှင့်ပေးသည့် အကြောင်းကြားစာ ချအပ်အတည်ပြုရမည်။

(ဂ) ယင်းသို့ တိုးမြှင့်ပေးသောအချိန်အတွင်း တင်ပြရန် ဆက်လက်ပျက်ကွက်ပါက တရားစွဲဆိုနိုင်ရန်အတွက် အဆင့်ဆင့်တင်ပြ၍ ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက် ရယူရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက်ရရှိပါက ပျက်ကွက်သူအား တရားစွဲဆိုပေးပါရန် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့သို့ အကြောင်းကြားရမည်။ သက်ဆိုင်ရာမြို့နယ်တရားရုံးတွင် တရားစွဲဆိုခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

၇။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အောက်ပါအခြေအနေများပေါ်ပေါက်မှသာ **ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (င) အရ တရားစွဲဆိုခြင်း**ကို ဆောင်ရွက်ရမည်-

(က) မှတ်ပုံတင်ရန် သုံးကြိမ်ထက်မနည်း အကြောင်းကြားပြီးဖြစ်သော်လည်း ဆက်လက်ပျက်ကွက်ခြင်း။

(ခ) လုပ်ငန်းစတင်ကြောင်း အကြောင်းကြားစာ ပေးပို့ရန် ပျက်ကွက်ခြင်း။

(ဂ) လစဉ်ကျသင့်အခွန်ပေးသွင်းရန် ပျက်ကွက်ခြင်း။

(ဃ) ကြေညာလွှာပေးပို့ရန် ပျက်ကွက်သဖြင့် သုံးကြိမ်ထက်မနည်း အသိပေး အကြောင်းကြားပြီးဖြစ်သော်လည်း ဆက်လက်ပျက်ကွက်ခြင်း။

(င) နှစ်ချုပ်ကြေညာလွှာအရ ကျသင့်သော အခွန်ကို ပေးသွင်းရန် ပျက်ကွက်ခြင်း နှင့် စည်းကြပ်မှုနှင့် စပ်လျဉ်း၍ စစ်ဆေးရန် အကြောင်းကြားခေါ်ယူခြင်းကို လိုက်နာရန် ပျက်ကွက်ခြင်း။

(စ) အခွန်ပေးဆောင်ရန် သတ်မှတ်ထားသော သို့မဟုတ် တိုးမြှင့်ပေးထားသော ရက်အတွင်း ပေးသွင်းရန် ပျက်ကွက်ခြင်း။

(ဆ) စားသောက်ဆိုင်၊ ဟိုတယ် နှင့် တည်းခိုခန်းလုပ်ငန်းရှင်များက ကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူများထံမှ အခွန်ကို တစ်ပါတည်း ကောက်ခံပြီး ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားပေါ်တွင် ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ထမ်းဆောင်ပြီးကြောင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ထုတ်ပေးရန် ထုတ်ပြန်ထားသည့် ညွှန်ကြားလွှာအမှတ် ၆/၂၀၁၅ (၃စ) ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် အမြင့်ဆုံးဒဏ်ငွေ တပ်ရိုက်ပြီးသော်လည်း ဆက်လက် ပျက်ကွက်နေခြင်း။

၈။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည်အောက်ပါအခြေအနေများပေါ်ပေါက်မှသာ **အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ) အရ တရားစွဲဆိုခြင်း**ကို ဆောင်ရွက်ရမည်-

(က) မှတ်ပုံတင်ရန် သုံးကြိမ်ထက်မနည်း အကြောင်းကြားပြီးဖြစ်သော်လည်း ဆက်လက်ပျက်ကွက်ခြင်း။

(ခ) ဈေးကွက်ပေါက်ဈေးသတ်မှတ်ပေးနိုင်ရန်အတွက် သတင်းအချက်အလက်များ အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်း။

(ဂ) ကျသင့်အခွန်ပေးဆောင်ရန် ပျက်ကွက်သဖြင့် ပေးဆောင်စေရန် သုံးကြိမ်ထက်မနည်း အသိပေးအကြောင်းကြားပြီး ဖြစ်သော်လည်း ဆက်လက်ပျက်ကွက်ခြင်း။

(ဃ) ကြေညာလွှာပေးပို့ရန် ပျက်ကွက်သဖြင့် သုံးကြိမ်ထက်မနည်း အသိပေးအကြောင်းကြားပြီးဖြစ်သော်လည်း ဆက်လက်ပျက်ကွက်ခြင်း။

(င) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ် အခွန် အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်သဖြင့် သုံးကြိမ်ထက်မနည်း အကြောင်းကြားပြီး ဖြစ်သော်လည်း ဆက်လက်ပျက်ကွက်ခြင်း။

၉။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၇၊ ပုဒ်မခွဲ (ဂ)၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (င)၊ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ) အရ တရားစွဲဆိုခြင်းဖြစ်ပါက စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနထံ ကြိုတင်ခွင့်ပြုချက် တောင်းခံရမည်။

## အခန်း(၅)

## ရဲအရေးမပိုင်သည့် ပြစ်မှုအမျိုးအစားနှင့် တရားစွဲဆို ဆောင်ရွက်ရမည့် နည်းလမ်းများ

၁၀။ အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ခြင်း သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် လျော့နည်းစေရန် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ထိမ်ချန်ခြင်းကြောင့် အပြည့် အစုံထုတ်ဖော်ရန် သတ်မှတ်ပေးသည့်အချိန်အတွင်း ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ထိမ်ချန်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေအတွက် လျော့နည်းထုတ်ဖော်ခြင်းအတွက် ကုန်သွယ် လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) အရ တရားစွဲဆိုရန်ကိစ္စသည် ရဲအရေးမပိုင်သည့်ပြစ်မှု အမျိုးအစားဖြစ်ပါသည်။

၁၁။ ရဲအရေး မပိုင်သည့် ကိစ္စရပ်အတွက် တရားစွဲဆိုခြင်းကို အောက်ပါအတိုင်း အဆင့်ဆင့်ဆောင် ရွက်ရမည်-

(က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ထမ်း၏ ပျက်ကွက်မှုများအလိုက် တရားစွဲဆို သင့်ကြောင်း လုံလောက်သည့် အထောက်အထားများ ပူးတွဲလျက် ပျက်ကွက်သူအား တရားစွဲဆိုနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် ဥပဒေအရာရှိထံမှ ဥပဒေအကြံဉာဏ် များရယူရမည်။

(ခ) မြို့နယ်ဥပဒေအရာရှိ၏ ဥပဒေအကြံဉာဏ် ရရှိပါက တရားစွဲဆိုခွင့် ခွင့်ပြုရေးအတွက် အဆင့်ဆင့် တင်ပြ၍ ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက် ရယူရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်ထံမှ တရားစွဲဆိုခွင့်ပြုကြောင်း ခွင့်ပြုချက်ရရှိပါက သက်ဆိုင် ရာမြို့နယ်တရားရုံးတွင် တရားစွဲဆိုခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း(၆)

## ညွှန်ကြားရေးမှူးချုပ်ထံခွင့်ပြုချက်ရယူခြင်းနည်းလမ်းများ

၁၂။ ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက် ရယူခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက် ရမည်-

(က) မြို့နယ်အခွန်ဦးစီးဌာနမှူးက တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးထံ တင်ပြ ရမည်။

(ခ) တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူး၏ ထပ်ဆင့်သဘောထား တင်ပြချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ ခွင့်ပြုချက် တောင်းခံရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက်ရရှိပါက ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း(၇)

## ညွှန်ကြားရေးမှူးချုပ်ထံခွင့်ပြုချက်ရယူရမည့် ပြစ်မှုအမျိုးအစားများ နှင့် ခွင့်ပြုချက်ရယူခြင်းမပြုမီ ဆောင်ရွက်ရမည့်နည်းလမ်းများ

၁၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၂ ပါ လုပ်ပိုင်ခွင့်နှင့်အညီ တင်ပြရန်တောင်းခံထားသည့် သတင်းအချက်အလက်များကို ထပ်မံတိုးမြှင့်ပေးသည့် အချိန်အတွင်း တင်ပြရန် လုံလောက်သောအကြောင်းမရှိဘဲ ဆက်လက်ပျက်ကွက်ခြင်းအတွက် ဝင်ငွေခွန်ဥပဒေပုဒ်မ **၄၆၊ ပုဒ်မခွဲ (ခ) အရ တရားစွဲဆိုခြင်းနှင့်** အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၃၀ ပါ လုပ်ပိုင်ခွင့်နှင့်အညီ တင်ပြရန်တောင်းခံထားသည့် သတင်းအချက်လက်များကို ထပ်မံတိုးမြှင့်ပေးသည့် အချိန်အတွင်း**တင်ပြရန်** လုံလောက်သောအကြောင်းမရှိဘဲ ဆက်လက်ပျက်ကွက်ခြင်း အတွက် **အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ (ဃ)** အရ တရားစွဲဆိုခြင်းအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အခွန်စည်းကြပ်ခြင်းဆိုင်ရာ ကိစ္စရပ်တစ်ခုခုအတွက် လိုအပ်ပါက အခွန်ထမ်းသို့လည်းကောင်း အခွန်ထမ်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်ရှိသူထံသို့လည်းကောင်း ပုဒ်မ ၄၂ အရ သတင်းအချက်အလက်များပေးပို့ရန် အကြောင်းကြားစာ ပတခ(ဝင)-၆ ပုံစံကို ပေးပို့နိုင်ပါသည်။

(ခ) အကြောင်းကြားစာကို စနစ်တကျ ချအပ်အတည်ပြုပြီးဖြစ်ပါလျက် သတင်းအချက်အလက်များတင်ပြရန် ပျက်ကွက်လျှင် ထိုသူအား အကြောင်းကြားစာတွင် ဖော်ပြထားသည့် ရက်မှစ၍ နောက်ထပ် (၁၅) ရက်ထိ အချိန်တိုးမြှင့်ပေးရမည်။ ယင်းသို့အချိန်တိုးမြှင့်ပေးကြောင်းကို ထပ်မံ၍ အကြောင်းကြားစာကို ချအပ်အတည် ပြုရမည်။

(ဂ) ယင်းသို့တိုးမြှင့်ပေးသော အချိန်အတွင်း တင်ပြရန် ဆက်လက်ပျက်ကွက်ပါက တရားစွဲဆိုနိုင်ရန်အတွက် အဆင့်ဆင့်တင်ပြ၍ ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက်ရယူရမည်။

(ဃ) တစ်ချိန်တည်းတွင် မြို့နယ်ဥပဒေရုံးမှ တရားစွဲဆိုမည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဥပဒေအကြံဉာဏ် တောင်းခံထားရမည်။

(င) ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက်ရရှိပါက မြို့နယ်ဥပဒေအရာရှိ၏ ဥပဒေအကြံဉာဏ်နှင့်အတူ သက်ဆိုင်ရာမြို့နယ်တရားရုံးသို့ လျှောက်ထားတရားစွဲဆိုရမည်။

(စ) လုံလောက်သောအကြောင်းပြချက်မရှိဘဲ သတင်းအချက်အလက်များ ကင်ပြရန်ပျက်ကွက်ခြင်းအတွက် တရားစွဲဆိုခွင့်ပြုပါရန် ခွင့်ပြုချက်တောင်းခံရာတွင် လည်းကောင်း၊ တရားစွဲဆို ခြင်း အဆင့်ဆင့်ကို ဆောင်ရွက်ရာတွင်လည်းကောင်း အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်ရမည်-

(၁) အမှုတွဲအားသက်သေခံ တင်သွင်းနိုင်ရန်အတွက် အထက်အပိုဒ်ခွဲများတွင် ဖော်ပြထားသည့်အတိုင်း ပြည့်စုံခိုင်မာစွာ တည်ဆောက်ထားခြင်း။

(၂) ဆောင်ရွက်ချက်အားလုံးကို နေ့စဉ်မှတ်တမ်းတွင် ရေးသားမှတ်တမ်းတင်ပြီးဖြစ်ခြင်း။

၁၄။ အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ခြင်း သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် လျော့နည်းစေရန် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ထိမ်ချန်ခြင်းကြောင့် အပြည့် အစုံထုတ်ဖော်ရန် သတ်မှတ်ပေးသည့်အချိန်အတွင်း ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ထိမ်ချန်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေအတွက် လျော့နည်းထုတ်ဖော်ခြင်းအတွက် **ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) အရ တရားစွဲဆိုခြင်း**နှင့် အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ခြင်း သို့မဟုတ် အထူးကုန်စည်ခွန် လျော့နည်းစေရန် အထူးကုန်စည်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ထိမ်ချန်ခြင်းကြောင့် အပြည့်အစုံ ထုတ်ဖော်ရန် သတ်မှတ်ပေးသည့် အချိန်အတွင်း ထုတ်ဖော်ရန်ပျက်ကွက်ခြင်း သို့မဟုတ် ထိမ်ချန်သည့် အထူးကုန်စည်နှင့် စပ်လျဉ်း သည့် အချက်အလက်များကို လျော့နည်းထုတ်ဖော်ခြင်းအတွက် **အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဂ) အရ တရားစွဲဆိုခြင်း**နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) စာရင်းစစ်ဆေးခြင်း အစီအစဉ်အရ ဖြစ်စေ၊ ရရှိထားသည့် သတင်းအချက်အလက်များအရဖြစ်စေ အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ထားကြောင်း၊ အခွန်လျော့နည်းစေရန် ထိမ်ချန်ထားကြောင်း တွေ့ရှိထားသဖြင့် အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း အပြည့်အစုံ ထုတ်ဖော်စေရန် အကြောင်းကြားစာပေးပို့ရမည်။

(ခ) အကြောင်းကြားစာကို စနစ်တကျ ချအပ်အတည်ပြုပြီးဖြစ်ပါလျက် ထုတ်ဖော်ရန်ပျက်ကွက်ခြင်း သို့မဟုတ် အပြည့်အစုံ ထုတ်ဖော်မှုမပြုခြင်းတို့ကို တွေ့ရှိရလျှင် ထိုသူအား အကြောင်းကြားစာတွင် ဖော်ပြထားသည့်ရက်မှစ၍ နောက်ထပ်(၁၅)ရက်အထိ အချိန်တိုးမြှင့်ပေးရမည်။ ယင်းသို့ အချိန်တိုးမြှင့်ပေးကြောင်းကို ထပ်မံ၍ အကြောင်းကြားစာကို ချအပ်အတည်ပြုရမည်။

(ဂ) ယင်းသို့ ကိုးမြှင့်ပေးသော အချိန်အတွင်း တင်ပြရန် ဆက်လက်ပျက်ကွက်ပါက တရားစွဲဆိုနိုင်ရန်အတွက် အဆင့်ဆင့်တင်ပြ၍ ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက်ရယူရမည်။

(ဃ) တချိန်တည်းတွင် မြို့နယ်ဥပဒေရုံးမှ တရားစွဲဆိုမည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဥပဒေအကြံဉာဏ် တောင်းခံထားရမည်။

(င) ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက်ရရှိပါက မြို့နယ်ဥပဒေအရာရှိ၏ ဥပဒေအကြံဉာဏ်နှင့် အတူ သက်ဆိုင်ရာ မြို့နယ်တရားရုံးသို့ လျှောက်ထားတရားစွဲဆိုရမည်။

၁၅။ **ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) နှင့် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (ခ) အရ တရားစွဲဆိုခြင်း** ဖြစ်ပါက လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်နှင့် မမှန်မကန်သော ကြေညာလွှာများ၊ စာရင်းစာအုပ်၊ စာရင်းရှင်းတမ်းများကို ဖော်ထုတ်ရရှိထားပြီး ဖြစ်ကြောင်း နှင့် အကြောင်းကြားစာ လက်ခံရရှိထားသည့်နေ့မှ ၁၅ ရက်အတွင်း မှန်ကန်သည့်စာရင်း အထောက်အထားများနှင့် ကြေညာလွှာတို့ကို ပြန်လည်တင်သွင်းရန် အကြောင်းကြားပါလျက် သတ်မှတ်ရက်အတွင်း ဆောင်ရွက်ခြင်းမပြုပါ က တရားစွဲဆိုနိုင်ရန် ဥပဒေအကြံဉာဏ်ရယူခြင်း၊ ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက်နှင့်အညီ သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထား တရားစွဲဆိုခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း(၈)

## အမှုဖွင့်တိုင်ကြားခြင်းနှင့် တရားရုံးသို့ ဦးတိုက်လျှောက်ထားခြင်းများအတွက် သတ်မှတ်ချက်များ

၁၆။ ရဲအရေးပိုင်သည့် အမှုကိစ္စအတွက် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှ တရားစွဲဆိုပေးနိုင်ရန် သော်လည်းကောင်း၊ ရဲအရေးပိုင်သော အမှုမဟုတ်သည့်ကိစ္စရပ်များအတွက် မြို့နယ်အခွန်ဦးစီးဌာနမှူးက ကိုယ်တိုင်တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများနှင့် သက်ဆိုင်သည့် အခွန်ထမ်းများ ဖြစ်ပါက ရုံးများတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ဥပဒေအရာရှိရုံး၊ မြို့နယ်တရားရုံးများတွင် ဆောင်ရွက်ရမည်။ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် သက်ဆိုင်သည့်အမှုကိစ္စများဖြစ်ပါက အခွန်စည်းကြပ်မှုဆောင်ရွက်ရာမြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ဥပဒေအရာရှိရုံး၊ မြို့နယ်တရားရုံးများ တွင် ဆောင်ရွက်ရမည်။

၁၇။ တရားစွဲဆိုခြင်း၊ တရားရုံးတွင်သက်သေထွက်ဆိုခြင်းများကို မြို့နယ်အခွန်ဦးစီးရုံးများအတွက် ဖြစ်ပါက မြို့နယ်အခွန်ဦးစီးဌာနမှူးက လည်းကောင်း၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး

နှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများအတွက် ဌာနမှူးက တာဝန်ပေးအပ်သည့် ဦးစီးအရာရှိတစ်ဦးကလည်းကောင်း ဆောင်ရွက်ရမည်။

၁၈။ ကုမ္ပဏီအမည်ဖြင့် တရားစွဲဆိုရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍-

(က) ရပ်စဲသည့်လုပ်ငန်းအတွက် ဝင်ငွေခွန် စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ တရားစွဲခြင်း ဖြစ်ပါက အောက်ပါအစီအစဉ်အတိုင်း တရားစွဲဆိုရမည်-

(၁) ဥက္ကဋ္ဌ။

(၂) မန်နေဂျင်းဒါရိုက်တာ။

(၃) ဒါရိုက်တာအဖွဲ့ဝင်များ။

(၄) အထွေထွေမန်နေဂျာ။

(ခ) တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ထိုသူကို တရားစွဲဆိုရမည်။

၁၉။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၂၄ အရ လုပ်ငန်းတစ်ခုခု ရပ်စဲလျှင် ထိုသို့ရပ်စဲခြင်းပြုသည့်အချိန်၌ ယင်းလုပ်ငန်းတွင် အစုပါဝင်သူတိုင်းအား အဆိုပါလုပ်ငန်းမှ ဝင်ငွေနှင့်စပ်လျဉ်း၍ ဝင်ငွေခွန် စည်းကြပ်ခံရန် တွဲဖက်၍ဖြစ်စေ၊ ကိုယ်စီကိုယ်ငှဖြစ်စေ ဝင်ငွေခွန် ပေးဆောင်ရန် တာဝန်ရှိပါသည်။

## အခန်း(၉)

## အထွေထွေ

၂၀။ တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ဆောင်ရွက်ရာတွင် ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။

၂၁။ တရားစွဲဆိုခြင်းနှင့် စပ်လျဉ်းသည့် သက်သေခံအထောက်အထား၊ စာရွက်စာတမ်းများကို အခွန်ထမ်း၏ မူလဖိုင်တွဲမှ သီးခြားခွဲ၍ လုံခြုံစွာ ထိန်းသိမ်းထားရှိရမည်။

( ကျော်ဝင်း )

ပြည်ထောင်စုဝန်ကြီး

************************************************

စာအမှတ်၊ စဘ / ဘဏ္ဍာ - ၂ / ၁ / ၂၅၄ (၃၉၁၅ / ၂၀၁၇)

ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

နေပြည်တော်ကောင်စီ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ပြည်တွင်းအခွန်များဦးစီးဌာန

ဤဝန်ကြီးဌာနရှိ ကျန်ဌာနအဖွဲ့အစည်းများအားလုံး

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသို့မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြော်ငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

7/7/2017

(ထွန်းထွန်းနိုင်)

အမြဲတမ်းအတွင်းဝန်

3.7.16